**ရေခံမြေခံပြုမှုအတွက် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ၊ လမ်းညွှန်ချက်မှတ်စု**

ရေခံမြေခံပြုမှုအတွက် ဦးစားပေး မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များကို ခွဲခြားသတ်မှတ်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီ ၄၀၀ ကျော်က ကူညီထောက်ပံ့ခဲ့သည်- ၎င်းတို့ထဲမှ ၈၅% ခန့်သည် ဒေသတွင်း/အမျိုးသားအဆင့် ပါဝင်ဆောင်ရွက်သူများ ဖြစ်ကြသည်။ လမ်းညွှန်ချက်မှတ်စု၏ အခြေခံမှာ ၂၀၁၈ တွင် မြန်မာ၊ နီပေါ၊ နိုင်ဂျီးယားနှင့် တောင်ဆူဒန်တွင် ပြုလုပ်ခဲ့သော သုတေသန၏ ရှာဖွေတွေ့ရှိချက်များကို မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ခြင်း အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်စေခြင်းဖြစ်သည်[၁]။ အေဂျင်စီ ၃၅၀ ကျော်ကို ကိုယ်စားပြုသော သုတေသန တုံ့ပြန်သူများသည် ရေခံမြေခံပြုမှုအတွက် အသင့်လျော်ဆုံးဖြစ်မည်ဟု ၎င်းတို့က ယူဆသည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များကို အသားပေးဖော်ပြခဲ့သည်။ ဤလမ်းညွှန်ချက် မှတ်စုကို ၂၀၁၉ တွင် ပြုလုပ်သည့် မဟာသဘောတူညီချက် ရေခံမြေခံပြုမှု လုပ်ငန်းစဉ် ဒေသဆိုင်ရာ ညီလာခံသုံးခုတွင် ပါဝင်သူများက ထပ်မံအတည်ပြုပေးသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ရှိသူများသည် လုပ်ရှားမှုအားလုံး၏ ဗဟိုတွင်ဘေးဒဏ်ခံရသူများကို ထားရှိရင်း အောက်ပါ မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များကို မှတ်သား၍ ၎င်းတို့ကို လက်တွေ့လုပ်ဆောင်ရန် သက်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုပြုလုပ်ရန် တိုက်တွန်းထားသည်။

## အစီအစဉ်နှင့် ငွေရေးကြေးရေး စီမံခန့်ခွဲမှု

၁။ ဒေသတွင်း အဖွဲ့အစည်းများသည် ပရောဂျက်များနှင့် ဘတ်ဂျက်များကို ဒီဇိုင်းဆွဲသည် သို့မဟုတ် လိုအပ်ပါက အဆိုပြုစာ ရေးသားခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ပြဿနာများအတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု ထောက်ပံ့သည့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများနှင့် ပူးတွဲဒီဇိုင်းဆွဲသည်။

၂။ ဒေသတွင်း ပါဝင်ဆောင်ရွက်သူများကို တန်းတူ မိတ်ဖက်များအဖြစ် ဆက်ဆံပြီး သဘောတူထားပြီးဖြစ်သော ပရောဂျက်များနှင့် ဘတ်ဂျက်များဖြင့် ပံ့ပိုးရသည့် တစ်ဆင့်စာချုပ်ချုပ်ဆိုသူများအဖြစ် မဆက်ဆံပါ။ မိတ်ဖက်ပြုမှုသဘောတူညီချက်များတွင် အဖွဲ့အစည်းနှစ်ခုလုံး၏ အခန်းကဏ္ဍနှင့် တာဝန်များ ပါဝင်သည်။

၃။ မိတ်ဖက်များသည် အကျိုးခံစားခွင့်ရှိသူများထံ ပူးတွဲစောင့်ကြည့်သည့် လည်ပတ်မှုများ ပြုလုပ်ပြီး တိုးတက်မှု၊ အခက်အခဲများနှင့် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများအတွက် ပူးတွဲသုံးသပ်ရန် အခွင့်အရေးများ ပေးသည်။ ဒေသတွင်းမိတ်ဖက်များသည် ဒေသတွင်းလူမှုအသိုင်းအဝိုင်းများနှင့် ဆက်နွှယ်မှုကို ထိန်းသိမ်းထားပြီး နိုင်ငံတကာမိတ်ဖက်များနှင့် အလှူရှင်အေဂျင်စီများသည်

ဒေသတွင်းပါဝင်ဆောင်ရွက်သူများနှင့် သဘောတူညီချက်ရယူပြီး ၎င်းတို့နှင့်အတူ လူမှုအသိုင်းအဝိုင်းများထံ သွားရောက်လည်ပတ်သည်။

၄။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများနှင့် အလှူရှင်များသည် ဒေသတွင်းမိတ်ဖက်စောင့်ကြည့်ခြင်းမှ ရှာဖွေတွေ့ရှိချက်များအကြောင်း ဆွေးနွေးရန် လက်ခံပြီး ပြောင်းလဲနေသော လိုအပ်ချက်များနှင့် လူမှုအသိုင်းအဝိုင်းအကြံပြုချက်များ သက်သေရှိပါက ၎င်းတို့ကို တတ်နိုင်သမျှ ကျင့်သုံးနိုင်ရန် တုံ့ပြန်သည့်အနေဖြင့် အစီအစဉ်များနှင့် ဘတ်ဂျက်များကို ပြုပြင်ပြောင်းလဲရန် လွယ်ကူစေသည်။

၅။ ပရောဂျက်ဘတ်ဂျက်များတွင် အကြောင်းအရာနှင့် လိုအပ်ချက်အလိုက် ဒေသတွင်းမိတ်ဖက်များအတွက် ရန်ပုံငွေများ ပါဝင်သည်- (၁) သင့်လျော်သော အပိုကုန်ကျစရိတ်များ၊ (၂) သွယ်ဝိုက်ကုန်ကျငွေများ (ပရောဂျက်ဘတ်ဂျက်၏ % အဖြစ်)၊ ပရောဂျက်အကောင်အထည်ဖော်ရေး၊ လုံခြုံရေးနှင့်/သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ဘဏ္ဍာရေး ရေရှည်ထိန်းသိမ်းမှုအတွက် အရေးပါသော အခြေပစ္စည်းများနှင့် (၄) အဖွဲ့အစည်းအားကောင်းစေခြင်း။ ဘတ်ဂျက်များသည် အဓိကရန်ပုံငွေထောက်ပံ့ခြင်းသတ်မှတ်ချက်များကို ရှင်းလင်းစွာ ပြသရမည်။

၆။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူအားလုံးသည် ကျင့်ဝတ်ဆိုင်ရာ ဝန်ထမ်းသစ်စုဆောင်းခြင်း အလေ့အကျင့်များကို လိုက်နာကြသည်။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများသည် ဒေသတွင်းပါဝင်ဆောင်ရွက်သူများအတွက် လက်တွေ့ကျမည့် ပမာဏနှင့် တတ်နိုင်သမျှနီးစပ်သည့် လစာများ/အကျိုးခံစားခွင့်များကို ဆက်လက်ထားရှိနိုင်ရန် ကြိုးစားကြသည်။ ဒေသတွင်းပါဝင်ဆောင်ရွက်သူများသည် ဝန်ထမ်းများအနေနှင့် ၎င်းတို့၏ အလုပ်ကို ထိရောက်စွာလုပ်နိုင်အောင် ပံ့ပိုးပေးရန် ကြိုးပမ်းကြပြီး ၎င်းတို့ကို တန်းတူညီတူ မျှတစွာ ဆက်ဆံသည်။

၇။ ပါဝင်ဆောင်ရွက်သူအားလုံးသည် ပရောဂျက်ဒီဇိုင်း၊ စောင့်ကြည့်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် ဘေးဒဏ်ခံရသူများ၏ တက်ကြွစွာပါဝင်ခြင်းကို ပံ့ပိုးပေးသည်။ အမျိုးသမီးများ၊ ကလေးများနှင့် မသန်စွမ်းသူများ အစရှိသည့် ဘေးရောက်နေသော လူနည်းစုဖြစ်ပြီး ထိခိုက်လွယ်သည့် အုပ်စုများကို အထူးအာရုံစိုက်သည်။

၈။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူအားလုံးသည် မည်သည့် မိတ်ဖက်ပြုမှုနှင့် အလုပ်တွင်မဆို ၎င်းတို့၏ ထပ်တိုးတန်ဖိုးကို လိုက်ဖက်မှုပေါ်အခြေခံပြီး ခွဲခြားသတ်မှတ်သည်။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများသည် ဒေသတွင်းမိတ်ဖက်များကို တောင်းဆိုချက် (ပေးဝေမှုထက်စာလျှင်) ကို အခြေခံပြီး ပံ့ပိုးမှုပေးသည်။ ယေဘုယျအားဖြင့် ရေတိုပရောဂျက်နှင့်သက်ဆိုင်သော ပံ့ပိုးမှုထက်စာလျှင် ရေရှည်အဖွဲ့အစည်း မြှင့်တင်ရေး ပံ့ပိုးမှုကို

ပိုမိုနှစ်သက်ကြသည်။ မိတ်ဖက်များ၏ လိုအပ်ချက်အလိုက် ဖန်တီးထားပြီး ဘေးဒုက္ခမကျရောက်ခင် လိုက်ဖက်မှုကို ခွဲခြားသတ်မှတ်ထားသည့် မဟာဗျူဟာနည်းကျ မိတ်ဖက်ပြုမှုများသည် အရေးကြီးသည်။

## စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် မျှဝေခြင်း

၉။ ပူးတွဲစွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်မှုများကို ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်နှစ်မျိုးလုံးအတွက် လုပ်ဆောင်သည်။ အားသာချက်များကို အသိအမှတ်ပြုပြီး ထိရောက်သော ပံ့ပိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ထိန်းညှိရန် အခြားမိတ်ဖက်များနှင့် မျှဝေထားသည့် သီးသန့်ဖန်တီးထားသော ရေရှည် စွမ်းဆောင်ရည်မြှင့်တင်ခြင်း/မျှဝေခြင်း အစီအစဉ်များကို တိုးတက်စေရန် ကွာဟချက်များကို အသုံးပြုသည်။

၁၀။ စွမ်းဆောင်ရည်မြှင့်တင်ရေး/မျှဝေရေး အစီအစဉ်များသည် ရေရှည်ဖြစ်ပြီး ပရောဂျက်လိုအပ်ချက်များအပေါ်တွင်သာ အခြေခံသည် မဟုတ်ဘဲ အများအပြားလေ့ကျင့်ပေးခြင်းနှင့် ပညာပေးခြင်း အစီအစဉ်များ ပါဝင်သည်။ ရာထူးခေတ္တပြောင်းရွှေ့ခြင်း၊ ပညာပေးခြင်းနှင့် လုပ်ငန်းခွင်တွင်း လေ့ကျင့်ပေးခြင်း အစရှိသော အထိရောက်ဆုံးချဉ်းကပ်နည်းများကို ခွဲခြားသတ်မှတ်ပြီး နောက်ဆက်တွဲ ပညာပေးခြင်း ပါဝင်သည်။

၁၁။ နိုင်ငံတကာပါဝင်လှုပ်ရှားသူများနှင့် အလှူရှင်များသည် ပရောဂျက်နှင့် မိတ်ဖက်ပြုမှု သဘောတူညီချက်အားလုံးတွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု ဘတ်ဂျက်လိုင်း(များ) ကို ပါဝင်စေသည်/ခွင့်ပြုသည်။ အကောင်းဆုံးဆိုရလျှင် ဘတ်ဂျက်များနှင့်/သို့မဟုတ် အချို့သော ရန်ပုံငွေများ၏ % ကို ဤအချက်အတွက် ထင်ရှားစွာ ကြိုတင်လျာထားသည်။ ဒေသတွင်းပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ ကိုယ်ပိုင် စွမ်းဆောင်ရည်နှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အချိန်နှင့် အခြားရင်းမြစ်များကို ပံ့ပိုးပြီး ရင်းနှီးမြှုပ်နှံသည်။

၁၂။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်သည့် စွမ်းရည်များကို ဆန်းစစ်ပြီး ဝန်ထမ်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း သို့မဟုတ် ဒေသတွင်းလေ့ကျင့်ပံ့ပိုးပေးသူများထံ ရင်းနှီးမြှုပ်နှံ၍ ကွာဟချက်များကို ကိုင်တွယ်ဖြေရှင်းသည်။

၁၃။ နိုင်ငံတကာအေဂျင်စီများသည် ပြည့်စုံလုံလောက်သော ဒေသတွင်းစွမ်းဆောင်ရည် ရှိလာသည်နှင့် အကြံပေး၊ နောက်ခံပံ့ပိုးမှု သို့မဟုတ် ဒုတိယနေရာရှိ အခန်းကဏ္ဍမှ ပါဝင်ရန် ရှင်းလင်းပြတ်သားသော ရည်ရွယ်ချက်ရှိသည်။ သုံးသပ်ခြင်းနှင့် မိတ်ဖက် 'အရည်အသွေးပြည့်မီခြင်း' မဟာဗျူဟာများသည် သော့ချက်ဖြစ်သည်။

ACCELERATING LOCALISATION THROUGH PARTNERSHIPS

Funded by European Union Civil Protection and Humanitarian Aid

## ငွေရေးကြေးရေး ထောက်ပံ့ခြင်း

၁၄။ နိုင်ငံတာပါဝင်ဆောင်ရွက်သူများနှင့် အလှူရှင်များသည် ၎င်းတို့၏ ရေရှည်တည်တံ့မှုကို တည်ဆောက်ရန် ဒေသတွင်းပါဝင်ဆောင်ရွက်သူများ (အဓိကဝန်ထမ်းများ ဆက်လက်ခန့်ထားရေး အပါအဝင်) ကို နှစ်ရှည်ရန်ပုံငွေများ ထောက်ပံ့ခြင်း၊ ပရောဂျက်ဘတ်ဂျက်များတွင် အဓိက ရန်ပုံငွေများ ခွင့်ပြုခြင်းနှင့် ဝင်ငွေရရှိရေး လှုပ်ရှားမှုများ သို့မဟုတ် ဒေသတွင်းရန်ပုံငွေများ စုဆောင်းရာတွင် ဒေသတွင်းပါဝင်လှုပ်ရှားသူများကို ပံ့ပိုးခြင်းတို့ဖြင့် ဒေသတွင်းပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးသည်။

၁၅။ ဒေသတွင်းအဖွဲ့အစည်းများသည် အစည်းအဝေးများ၊ အလှူရှင်အေဂျင်စီများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းများတွင် တက်ကြွစွာပါဝင်ပြီး လိုအပ်လျှင် နိုင်ငံတကာပါဝင်ဆောင်ရွက်သူများက ထောက်ပံ့စီစဉ်ပေးမည့် ဆက်နွှယ်မှုတည်ဆောက်ခြင်းကို ပံ့ပိုးမည်ဖြစ်သည်။

၁၆။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများသည် ပံ့ပိုးသူများနှင့် အလှူရှင်များနှင့် ဆက်ဆံရာတွင် ၎င်းတို့၏ ဒေသတွင်းမိတ်ဖက်များကို အသိအမှတ်ပြုပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု ဒေသတွင်းဦးဆောင်မှု၏ အမြင်များကို ပြန်လည်ပုံသွင်းရာတွင် ဇာတ်ကြောင်းပြောပြခြင်း၏ ကောင်းသောအကျိုးသက်ရောက်မှုကို သိမြင်သည်။

၁၇။ အလှူရှင်အေဂျင်စီများသည် တာဝန်ခံမှုနှင့် လိုက်ဖက်မှုအတွက် အနိမ့်ဆုံးစံညွှန်းများကို ခွဲခြားသတ်မှတ်ရန် ညှိနှိုင်းဆောင်ရွက်ကြပြီး လိုအပ်လျှင် လုပ်ငန်းစဉ်များကို ပြန်လည်စီစဉ်သည်။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများနှင့် အလှူရှင်များသည် ဤအနိမ့်ဆုံးစံညွှန်းများကိုမီရန် ဒေသတွင်းမိတ်ဖက်များကို ပံ့ပိုးပေးသည်။ ဒေသတွင်းအဖွဲ့အစည်းများသည် ဤစံညွှန်းများကို မီရန် ရင်းနှီးမြှုပ်နှံကြသည်။

## ညှိနှိုင်းဆောင်ရွက်ခြင်း

၁၈။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများ အထူးသဖြင့် ကုလသမဂ္ဂအေဂျင်စီများနှင့် အစုအဖွဲ့ ညှိနှိုင်းဆောင်ရွက်သူများသည် သက်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု ဖိုရာတွင် ဒေသတွင်းမိတ်ဖက်များနှင့် အခြားဒေသတွင်းပါဝင်ဆောင်ရွက်သူများ တက်ကြွစွာ ပါဝင်လာစေရန် မြှင့်တင်ပံ့ပိုးပေးပြီး အမျိုးသမီး ဦးဆောင်သော/အာရုံထားသော အဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်းအမျိုးအစားစုံလင်စွာ ကိုယ်စားပြုပါဝင်ရန် သေချာစေသည်။

၁၉။ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများသည် မိတ်ဖက်ပြုမှုကို အခြေခံသည့်/တွဲဖက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုကို အစုအဖွဲ့နှင့်

အခြားလူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း ဖိုရာ အစည်းအဝေးများတွင် ၎င်းတို့၏ ဒေသတွင်းမိတ်ဖက်များ၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြသည်။

## ဘေးကင်းလုံခြုံရေး

၂၀။ အန္တရာယ်များသောဒေသများတွင် လုပ်ငန်းလည်ပတ်မှုများအတွက် ဒေသတွင်းပါဝင်ဆောင်ရွက်သူများအား လုံခြုံရေးနှင့် အန္တရာယ်စီမံထိန်းချုပ်ခြင်းအတွက် လေ့ကျင့်ပေးခြင်း၊ အကြံဉာဏ်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များနှင့် ကာကွယ်ခြင်းကို ပံ့ပိုးပေးသည်။

၂၁။ ဒေသတွင်းပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ နိုင်ငံတကာမိတ်ဖက်များနှင့်အတူ လုံခြုံရေးအန္တရာယ် စီမံခန့်ခွဲခြင်းနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ကြပြီး ဒေသတွင်းပါဝင်ဆောင်ရွက်သူများက အကြံပေးထားသည့်အတိုင်း ဒေသတွင်းအကြောင်းအရာအတွက် ပြုလုပ်ထားသော ပြုပြင်ပြောင်းလဲမှုများ ပါဝင်သည်။

## ကိုယ်စားပြုမှု

၂၂။ နိုင်ငံတကာအေဂျင်စီများသည် အမျိုးသားအဆင့်ပါဝင်ဆောင်ရွက်သူများကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးပြီး တောင်းဆိုပါက ထိရောက်မှုရှိစေရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု ဆုံးဖြတ်ချက်များကို လွှမ်းမိုးသည်။

၂၃။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုနှင့် သက်ဆိုင်သည့် ထောက်ပံ့မှုရရန်အတွက် ဘေးဒဏ်ခံရသူများကို သက်ဆိုင်ရာ နိုင်ငံတကာပါဝင်ဆောင်ရွက်သူများနှင့် အစိုးရအာဏာပိုင်များနှင့် ချိတ်ဆက်ပေးရန် ဒေသတွင်းပါဝင်ဆောင်ရွက်သူများအား ပံ့ပိုးထားသည်။

*မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ခြင်း* သုတေသန အစီရင်ခံစာများနှင့် ကမ္ဘာလုံးဆိုင်ရာ စာတမ်း *ရေခံမြေခံပြုမှုသို့ ချဉ်းကပ်ခြင်းလမ်းကြောင်းများ* အတွက် ဤဝဘ်စာမျက်နှာကို လေ့လာပါ- caid.org.uk/54 ။ ဤသည်တို့ကိုလည်း ရည်ညွှန်းပါ- ရေခံမြေခံပြုမှုစည်းမျဉ်းများ (တန်းတူညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ ရလဒ် ဦးတည်သော ချဉ်းကပ်နည်း၊ တာဝန်ယူမှုနှင့် လိုက်ဖက်မှု)၊ Charter4Change၊ NEAR ရေခံမြေခံပြုမှု လုပ်ဆောင်ချက် တိုင်းတာရေးလုပ်ငန်းစဉ် (အပိုင်း (၁)-မိတ်ဖက်ပြုမှုများ) နှင့် အရည်အသွေးနှင့် တာဝန်ခံမှုအတွက် အဓိက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံညွှန်း (CHS) ။